NLTA
Nyan Lynn Thit Analytica

# ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ

## သုတေသနအစီရင်ခံစာ



ဉာဏ်လင်းသစ် သုတေသနအဖွဲ့



# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

**အစီရင်ခံစာအနှစ်ချုပ်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်းများနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၅၅၈ ဦးနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၈၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။ (ရွေးကောက်ပွဲကျင်းပခွင့်မရသည့် ရခိုင်ပြည်နယ် မြို့နယ် ၉ မြို့နယ်နှင့် ရှမ်းပြည်နယ် ၆ မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၃၉၇ ဦးနှင့် တသီးပုဂ္ဂလကိုယ်စားလှယ် ၂၆၆ ဦး တို့သာဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ ကျင်းပမည်မဟုတ်သည့် ဒေသများကို အောက်တိုဘာ ၁၆ ရက်နေ့ တွင် ကြေညာချက် ၆ စောင် နှင့် ၂၇ ရက်နေ့တွင် ကြေညာချက် ၁စောင်ထုတ်ပြန်ကြေညာခဲ့သည်။ ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် ကြေငြာချက်များ၌ "***ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ( စ )***" အားကျင့်သုံး၍ ရွေးကောက်ပွဲကျင်းပမည်မဟုတ်ဟုသာ ဖော်ပြခဲ့ပြီး ''***ရွေးကောက်ပွဲ ပယ်ဖျက်သည် ၊ ရွှေ့ဆိုင်းသည်***'' ဟူသည့်၍ တိကျစွာသုံးနှုန်းထားခြင်းမျိုး မပါဝင်ခဲ့ပေ။ ကြေငြာချက်များအရ ပြည်နယ် ၆ ခု နှင့် တိုင်းဒေသကြီး ၁ ခုတို့တွင် အပေါ်သက်ရောက်ခဲ့ပြီး မြို့နယ်ပေါင်း ၅၇ မြို့နယ်၌ ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေများပါဝင်လာခဲ့သည်။

ရခိုင်ပြည်နယ်တွင် အမျိုးသားလွှတ်တော်၇ နေရာ၊ ပြည်သူ့လွှတ်တော် ၉ နေရာ၊ ပြည်နယ်လွှတ်တော် နေရာ ၂၀ နှင့် ရှမ်းပြည်နယ်တွင် ပြည်သူ့လွှတ်တော် ၆ နေရာ၊ ပြည်နယ်လွှတ်တော် ၁၂ နေရာ တို့၌ ရွေးချယ်ခံပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခွင့်တို့ ဆုံးရှုံးခဲ့ရပါသည်။ တနိုင်ငံလုံးအတိုင်းအတာဖြင့်မူ လွှတ်တော်အရပ်ရပ်၌ ကိုယ်စားလှယ်နေရာ ၅၄ နေရာ ဆုံးရှုံးခဲ့ရပါသည်။ ရခိုင်ပြည်နယ် လွှတ်တော်အရပ်ရပ်၌ ကိုယ်စားလှယ်ဆုံးရှုံးမှု ရာခိုင်နှုန်းမှာ ၅၇.၁၄ % ဖြစ်သဖြင့် ကိုယ်စားပြုမှုဆိုင်ရာ နစ်နာမှုအများဆုံးဖြစ်ခဲ့ရပါသည်။ ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများ၏ ပါဝင်ယှဉ်ပြိုင်မှုများ၊ အနိုင်ရရှိမှုများအပေါ် အခြေခံတွက်ချက်ရာတွင်လည်း ရခိုင်ပြည်နယ်မဲဆန္ဒနယ်များ၌ ရခိုင်တိုင်းရင်းသားအခြေပြုပါတီများအနေဖြင့် အနိုင်ရရှိမှုရာခိုင်နှုန်းမှာ အထူးမြင့်မားသည်ကို တွေ့ရှိရပါသည်။

ရခိုင်တိုင်းရင်းသားအခြေပြုပါတီများ အနေဖြင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်မဲဆန္ဒများထက် ရခိုင်ပြည်နယ်မဲဆန္ဒများကိုသာ အရေးထား ပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။ တနိုင်ငံအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီကြီးများအနေဖြင့် ၂၀၂၀ ထွေထွေရွေးကောက်ပွဲကိုယ်စားလှယ်လောင်းဆုံးရှုံးမှုမှာ ရခိုင်တိုင်းရင်းသားအခြေပြုပါတီများ၏ ကိုယ်စားလှယ်လောင်းဆုံးရှုံးမှုနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာဖြစ်သည်ကို တွေ့ရှိရပါသည်။ အကျိုးဆက်အဖြစ် တတိယအကြိမ်ထွက်ပေါ်လာမည် ပြည်ထောင်စုလွှတ်တော်အား စတင်ဖွဲ့စည်းရာတွင် လုပ်ဆောင်ရမည့် ရွေးကောက်တင်မြှောက်မှုများ၌ အဆိုပြုခွင့်၊ ရွေးချယ်ခံခွင့်၊ ဆန္ဒပြုခွင့်တို့ပါ ဆုံးရှုံးမည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည်ဆိုပါက ၄င်းပါတီများ၏ ပြည်ထောင်စု အစိုးရဖွဲ့စည်းခြင်း ၊ နိုင်ငံတော်သမ္မတရွေးချယ် မဲပေးခြင်းတို့တွင် သဘောထားပါဝင်နိုင်မှု အခွင့်အရေးတို့မှာလည်း ဆုံးရှုံးရမည်ဖြစ်သည်။ အခြားသောပါတီကြီးများ၏ ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မှု ၊ အနိုင်ရရှိမှုရာခိုင်နှုန်းမှာ နည်းပါလှသည့်အတွက် အထက်ဖော်ပြပါ အခွင့်အရေးများကို ဆုံးရှုံးမှုမရှိပါ။ ထိုဆုံးရှုံးမှုများသည် ကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးသည့်နည်းလမ်းဖြင့် ပြန်လည်ကုစားမရနိုင်သော နိုင်ငံသားဆိုင်ရာ အခြေခံအခွင့်အရေးများလည်း ဖြစ်ပါသည်။

ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏ အစီရင်ခံစာပါ တွေ့ရှိချက်များအရ အဓိက အချက် (၃) ချက်ကို အကြံပြုတင်ပြထားပါသည်။

(၁) လက်ရှိရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်နိုင်သည့်နေရာများနှင့်ပတ်သက်၍ မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို တရားဝင်ကြေငြာချက်အဖြစ် ထုတ်ပြန်ပေးရန်လိုအပ်သည်။


(၂) ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိရွေးကောက်ပွဲများလုံးဝကျင်းပခြင်းမရှိသည့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ မဲဆန္ဒနယ်မြေများတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်ဘဲ အစိုးရအသစ်ဖွဲ့စည်းရန် လုပ်ငန်းစဉ်များ မလုပ်ဆောင်မီ ရွေးကောက်ပွဲများ ကျင်းပပေးသင့်သည်။

(၃) အနာဂါတ်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ) အား ကျင့်သုံးသည့် အမိန့်ကြော်ငြာစာများထုတ်ပြန်ရန်ရှိလာပါက "ပယ်ဖျက်" သို့မဟုတ် "ရွှေ့ဆိုင်း" ဟူသည့် စကားရပ်အား ရှင်းလင်းစွာထည့်သွင်းသုံးစွဲရန်လိုအပ်ပါသည်။

ဉာဏ်လင်းသစ်သုတေသနအဖွဲ့

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကြေငြာချက်အမှတ် ၁၈၂/၂၀၂၀၊ ၁၈၃/၂၀၂၀၊ ၁၈၄/၂၀၂၀၊ ၁၈၅/၂၀၂၀၊ ၁၈၆/၂၀၂၀၊ ၁၈၇/၂၀၂၀ များဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကြေငြာချက်အမှတ် ၂၀၀/၂၀၂၀ ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်၍ ရွေးကောက်ပွဲကျင်းပခြင်း မပြုနိုင်သည့် နယ်မြေများစာရင်းကိုထုတ်ပြန်ခဲ့သည်။ ၄င်းထုတ်ပြန်ချက်များအရ ပြည်နယ် ၅ ခု နှင့် တိုင်းဒေသကြီး ၁ ခုတို့အပေါ်တွင် သက်ရောက်မှုရှိခဲ့ပါသည်။ မြို့နယ်အားဖြင့် ၅၇ မြို့နယ် သက်ရောက်ခဲ့ပြီး မြို့နယ်အားလုံး၏ ၁၇.၂၇% အပေါ် သက်ရောက်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ မဲဆန္ဒနယ် ၉ ခုနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ် ၆ ခု စုစုပေါင်း မဲဆန္ဒနယ် ၁၅ ခုတွင် ရွေးကောက်ပွဲ လုံးဝကျင်းပနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ကျန် ၄၂ မြို့နယ်တွင်မူ ရွေးကောက်ပွဲကျင်းပခြင်းမပြုသည့်နေရာများမှလွဲ၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက် အထွေထွေ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရမည်ဖြစ်သည်။

၂၀၂၀အထွေထွေ ရွေးကောက်ပွဲ

မကျင်းပသည့်မြို့နယ်ပေါင်း

**၅၇**

ဆုံးရှုံးမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်

အမျိုးသားလွှတ်တော်

**၇/၁၆၈**


ပြည်သူ့လွှတ်တော်

**၁၅/၃၃၀**

ပြည်နယ်လွှတ်တော်

**၃၂/၆၆၀**

## ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲမကျင်းပခဲ့သော ဒေသများ





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့တွင် ကြေငြာချက်အမှတ် ၆၁/၂၀၁၅၊ ၆၂/၂၀၁၅၊ ၆၃/၂၀၁၅၊ ၆၄/၂၀၁၅၊ ၁၈၆/၂၀၂၀၊ ၁၈၇/၂၀၂၀ တို့ဖြင့် ရွေးကောက်ပွဲကျင်းပခြင်း မပြုနိုင်သည့် နယ်မြေများစာရင်းအား ထုတ်ပြန်ခဲ့သည်။ ပြည်နယ် ၄ ခုနှင့် တိုင်းဒေသကြီး ၁ ခုတို့တွင် သက်ရောက်မှုရှိခဲ့ပါသည်။ မြို့နယ်အားဖြင့် ၃၇ မြို့နယ်တွင် သက်ရောက်ခဲ့ပြီး မြို့နယ်အားလုံး၏ ၁၀.၃၀% အပေါ် သက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ရှမ်းပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်စုစုပေါင်း ၅ နေရာတွင် ရွေးကောက်ပွဲလုံးဝကျင်းပနိုင်ခြင်းမရှိခဲ့ပါ။ ကျန် ၂၉ မြို့နယ်တွင်မူ ရွေးကောက်ပွဲကျင်းပခြင်း မပြုခဲ့သည့် နေရာများမှလွဲ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲနေ့တွင် ဆန္ဒမဲပေးခဲ့ကြပါသည်။

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## ကချင်ပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ

| မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | ကျင်းပမည့်ရာခိုင်နှုန်း |
|---|---|---|---|
| မချမ်းဘောမြို့နယ် | ၁၅ | ၆၃ | ၃၂.၇၆% |
| ဆွမ်ပရာဘွမ် မြို့နယ် | ၃၁ | ၂၁၈ | ၃၁.၀၂ % |
| ခေါင်လန်ဖူးမြို့နယ် | ၁ | ၆ | ၉၆.၈၃% |
| ဆော့လော်မြို့နယ် | ၈ | ၃၂ | ၇၂.၄၁ % |
| အင်ဂျန်းယန် မြို့နယ် | ၆၁ | ၂၉၄ | ၄.၀၅% |
| ချီဖွေမြို့နယ် | ၉ | ၂၄ | ၇၉.၄၁% |
| ဝိုင်းမော် မြို့နယ် | ၁၃ | ၉၃ | ၆၁.၅၉% |
| တနိုင်း မြို့နယ် | ၂ | NA | _% |
| မိုးမောက်မြို့နယ် | ၂၇ | ၁၅၈ | ၅၉.၁၉% |
| မံစီ မြို့နယ် | ၂၁ | ၁၃၂ | ၂၉.၁၈% |
| ရွှေကူ မြို့နယ် | ၉ | ၁၃ | ၈၁.၃၆ % |




ပြည်နယ်တစ်ခုလုံးတွင် ရွေးကောက်ပွဲ ကျင်းပမည်မဟုတ်သည့် ရာခိုင်နှုန်း

**၃၈.၃၂%**

NLTA
Nayn Lynn Thit Analytica

ကချင်ပြည်နယ်တွင် မြို့နယ် ၁၈ မြို့နယ်၊ ရပ်ကွက် ၁၇၇ ရပ်ကွက် ၊ ကျေးရွာအုပ်စုပေါင်း ၆၀၄ အုပ်စုနှင့် ကျေးရွာပေါင်း ၂၅၇၉ ရွာ ရှိသည့်အနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၁၉၂/၂၀၂၀ အရ ကချင်ပြည်နယ် မြို့နယ် ၁၁ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉၂ စု နှင့် ကျေးရွာပေါင်း ၁၀၈၄ တို့တွင် ရွေးကောက်ပွဲ မကျင်းပနိုင်သည်ကို တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၃၈.၃၂ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

## ကချင်ပြည်နယ်တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မကျင်းပခဲ့သည့် ဒေသများ



| မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|
| မချမ်းဘောမြို့နယ် | ၁၅ | ၆၃ |
| ဆွမ်ပရာဘွမ် မြို့နယ် | ၃၁ | ၂၈ |
| ခေါင်လန်ဖူးမြို့နယ် | ၂ | ၁၃ |
| ဆော့လော်မြို့နယ် | ၈ | ၃၂ |
| အင်ဂျန်းယန် မြို့နယ် | ၆၁ | ၂၉၄ |
| ချီဖွေမြို့နယ် | ၉ | ၂၄ |
| ဝိုင်းမော် မြို့နယ် | ၁၆ | ၁၃၆ |
| တနိုင်း မြို့နယ် | ၉ | ၃၆ |
| မိုးမောက်မြို့နယ် | ၂၇ | ၁၅၈ |
| မံစီ မြို့နယ် | ၂၃ | ၂၂၂ |
| ရွှေကူ မြို့နယ် | ၉ | ၁၆ |

ပြည်နယ်တခုလုံးတွင်ရွေးကောက်ပွဲမကျင်းပမည့် ရာခိုင်နှုန်း


**၄၂.၇၀%**

NLTA
Nayn Lynn Thit Analytica

ကချင်ပြည်နယ်တွင် မြို့နယ် ၁၈ မြို့နယ်၊ ရပ်ကွက် ၁၇၇ ရပ်ကွက် ၊ ကျေးရွာအုပ်စုပေါင်း ၆၀၄ အုပ်စုနှင့် ကျေးရွာပေါင်း ၂၅၇၉ ရွာ ရှိသည့်အနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၆၁/၂၀၁၅ အရ ကချင်ပြည်နယ် မြို့နယ် ၁၁ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၁၁ စုနှင့် ကျေးရွာပေါင်း ၁၂၁၁ တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာစုစုပေါင်း၏ ၄၂.၇၀ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''


## ကရင်ပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ




| မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | ကျင်းပသည့်ရာခိုင်နှုန်း |
|---|---|---|---|
| သံတောင်ကြီးမြို့နယ် | ၈ | ၃၇ | ၈၇.၅၃% |
| ဖာပွန်မြို့နယ် | ၂၅ | ၂၀၄ | ၂၆.၈၄% |
| ဘားအံမြို့နယ် | ၁ | ၅ | ၉၈.၇၈ % |
| မြဝတီမြို့နယ် | ၃ | ၁၀ | ၈၄.၇၁% |
| ကော့ကရိတ်မြို့နယ် | ၇ | ၂၄ | ၈၈.၆% |
| ကြာအင်းဆိပ်ကြီးမြို့နယ် | ၉ | ၃၆ | ၈၅.၃၉% |

ကရင်ပြည်နယ်တွင် မြို့နယ် ၇ မြို့နယ်၊ ရပ်ကွက် ၈၆ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၃၇၇ အုပ်စုနှင့် ကျေးရွာပေါင်း ၁၇၇၈ ရွာ ရှိသည့် အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၁၉၃/၂၀၂၀ အရ ကရင်ပြည်နယ် မြို့နယ် ၆ မြို့နယ်အတွင်းရှိ ကျေးရွာအုပ် စု ၅၃ စုနှင့် ကျေးရွာပေါင်း ၃၁၆ ရွာ တွင် ရွေးကောက်ပွဲမကျင်းပနိုင်သည်ကို တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၁၆.၄၇ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းဖြစ်သည်။

## ကရင်ပြည်နယ်တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မကျင်းပခဲ့သည့် ဒေသများ





| မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|
| သံတောင်ကြီးမြို့နယ် | ၉ | ၄၂ |
| ဖာပွန်မြို့နယ် | ၂၅ | ၂၀၄ |
| ဘားအံမြို့နယ် | ၁ | ၅ |
| လှိုင်းဘွဲ့မြို့နယ် | ၈ | ၆၄ |
| မြဝတီမြို့နယ် | ၆ | ၂၃ |
| ကော့ကရိတ်မြို့နယ် | ၇ | ၂၄ |
| ကြာအင်းဆိပ်ကြီးမြို့နယ် | ၃၈ | ၁၇၈ |

ကရင်ပြည်နယ်တွင် မြို့နယ် ၇ မြို့နယ်၊ ရပ်ကွက် ၈၆ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၃၇၇ အုပ်စုနှင့် ကျေးရွာပေါင်း ၁၇၇၈ ရွာရှိသည့် အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၆၂/၂၀၁၅ အရ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်လုံးရှိ ကျေးရွာ အုပ် စု ၉၄ စုနှင့် ကျေးရွာပေါင်း ၅၃၄ ရွာ တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၂၃.၈၃ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

- **ကရင်ပြည်နယ် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော် နေရာများအတွက်  ရွေးကောက်ပွဲလုံးဝကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်မြေမရှိပါ။**


'' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ




ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ် ၂၈ မြို့နယ်၊ ရပ်ကွက် ၃၂၈ ရပ်ကွက် ၊ ကျေးရွာအုပ်စုပေါင်း ၁၄၃၈ အုပ်စုနှင့် ကျေးရွာပေါင်း ၅၂၆၄ ရွာ ရှိသည့်အနက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ကြေငြာချက်အမှတ် ၁၉၄/၂၀၂၀ အရ ပဲခူးတိုင်း မြို့နယ် ၂ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၂ စုနှင့် ကျေးရွာပေါင်း ၁၆၀ ရွာတွင် ရွေးကောက်ပွဲမကျင်းပနိုင်သည်ကို တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာစုစုပေါင်း၏ ၂.၂၈ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်း ဖြစ်သည်။

### ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မကျင်းပခဲ့သည့်ဒေသများ





ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ် ၂၈ မြို့နယ်၊ ရပ်ကွက် ၃၂၈ ရပ်ကွက် ၊ ကျေးရွာအုပ် စု ပေါင်း ၁၄၃၈ အုပ်စုနှင့် ကျေးရွာပေါင်း ၅၂၆၄ ရွာ ရှိသည့် အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၆၃/၂၀၁၅ အရ ပဲခူးတိုင်း မြို့နယ် ၂ မြို့နယ်အတွင်းရှိ ကျေးရွာအုပ် စု ၄၁ စုနှင့် ကျေးရွာပေါင်း ၁၅၉ ရွာတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ် စုနှင့် ကျေးရွာစုစုပေါင်း၏ ၂.၂၆ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

- **ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ် တော် နေရာများအတွက် ရွေးကောက်ပွဲလုံးဝကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်မြေမရှိ ပါ။**


'' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## မွန်ပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ




မွန်ပြည်နယ်တွင် မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက် ၁၀၆ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၃၈၆ အုပ်စုနှင့် ကျေးရွာပေါင်း ၁၃၀၅ ရွာရှိသည့်အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၁၉၄/၂၀၂၀ အရ မွန်ပြည်နယ် မြို့နယ် ၁ မြို့နယ်အတွင်းရှိ ကျေးရွာအုပ် စု ၁ စုနှင့် ကျေးရွာပေါင်း ၄ ရွာ တွင် ရွေးကောက်ပွဲ မကျင်းပနိုင်သည်ကို တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၀.၃၅ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်း ဖြစ်သည်။

## မွန်ပြည်နယ်တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မကျင်းပခဲ့သည့် ဒေသများ





မွန်ပြည်နယ်တွင် မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက် ၁၀၆ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၃၈၆ အုပ်စုနှင့် ကျေးရွာပေါင်း ၁၃၀၅ ရွာ ရှိသည့်အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၆၄/၂၀၁၅ အရ မွန်ပြည်နယ် မြို့နယ် ၁ မြို့နယ်အတွင်းရှိ ကျေးရွာအုပ် စု ၁ စုနှင့် ကျေးရွာပေါင်း ၄ ရွာ တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၀.၃၅ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

- **မွန်ပြည်နယ် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော် နေရာများ အတွက် ရွေးကောက်ပွဲလုံးဝကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်မြေမရှိပါ။**

'' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

# ရခိုင်ပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲမကျင်းပမည့် ဒေသများ



| မြို့နယ် | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ | ကျင်းပမည့်ရာခိုင်နှုန်း |
|---|---|---|---|---|
| မောင်တောမြို့နယ် | ၃၀ | ၉၈ | ၁၄၇ | ၀ % |
| ဘူးသီးတောင်မြို့နယ် | ၇ | ၇၈ | ၂၉၂ | ၀ % |
| ကျောက်တော်မြို့နယ် | ၅ | ၇၉ | ၂၄၉ | ၀ % |
| ရသေ့တောင်မြို့နယ် | ၄ | ၈၈ | ၁၃၅ | ၀ % |
| မြောက်ဦး မြို့နယ် | ၇ | ၉၆ | ၁၆၉ | ၀ % |
| မင်းပြား မြို့နယ် | ၈ | ၆၂ | ၂၃၄ | ၀ % |
| ပုဏ္ဏားကျွန်းမြို့နယ် | ၄ | ၉၂ | ၁၁၂ | ၀ % |
| မြေပုံမြို့နယ် | ၁၄ | ၆၀ | ၁၁၄ | ၀ % |
| ပေါက်တောမြို့နယ် | ၅ | ၅၃ | ၁၃၂ | ၀ % |
| အမ်း မြို့နယ် | ၃ | ၂၉ | ၂၆၂ | ၂.၃၃% |
| စစ်တွေ မြို့နယ် | | ၄ | ၄ | ၉၃.၇၅% |
| တောင်ကုတ် မြို့နယ် | ၁၀ | ၁၂ | ၁၇၇ | ၂.၄၅% |
| ကျောက်ဖြူ မြို့နယ် | ၂ | ၁၂ | ၂၃၂ | ၈.၉၁% |

ပြည်နယ်တစ်ခုလုံးတွင် ရွေးကောက်ပွဲကျင်းပမည် မဟုတ်သည့် ရာခိုင်နှုန်း

**၇၄.၇၇%**

NLTA
Nayn Lynn Thit Analytica

- **ရခိုင်ပြည်နယ်၌ အမျိုးသားလွှတ်တော် ၇ နေရာ၊ ပြည်သူ့လွှတ်တော် ၉ နေရာ ၊ ပြည်နယ်လွှတ်တော် ၂၀ နေရာတွင် ရွေးကောက်ပွဲလုံးဝကျင်းပနိုင်ခြင်းမရှိပါ။**
- **၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်ရှိ မဲဆန္ဒနယ်အားလုံးတွင် ရွေးကောက် ပွဲကျင်းပခဲ့ပါသည်။**

ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်၊ ရပ်ကွက် ၁၉၉ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၀၅၂ အုပ်စု နှင့် ကျေးရွာပေါင်း ၃၁၄၅ ရွာ ရှိသည့်အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ်၁၉၆ /၂၀၂၀ အရ ရခိုင်ပြည်နယ် မြို့နယ် ၁၃ မြို့နယ်အတွင်းရှိ ရပ်ကွက် ၉၉ ရပ်ကွက် ကျေးရွာအုပ် စု ၈၄၃ စုနှင့် ကျေးရွာပေါင်း ၂၄၂၆ ရွာတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၇၆.၆၂ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်တခုလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ် ၉ မြို့နယ် ရှိသည်။


ရခိုင်ပြည်နယ်၌ အမျိုးသားလွှတ်တော် ၇ နေရာ၊ ပြည်သူ့လွှတ်တော် ၉ နေရာ ၊ ပြည်နယ်လွှတ်တော် ၂၀ နေရာတို့တွင် ရွေးကောက်ပွဲလုံးဝ ကျင်းပနိုင်ခြင်းမရှိပါ။ ထို့ကြောင့် အမျိုးသားလွှတ်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်၏ ၅၈.၃၃% ( အမျိုးသားလွှတ်တော်တခုလုံး၏ ၄.၁၇% ), ပြည်သူ့လွှတ်တော် ရခိုင်ပြည်နယ်မဲ ဆန္ဒနယ်၏ ၅၂.၉၄%၊ (ပြည်သူ့လွှတ်တော်တခုလုံး၏ ၂.၇၂%) ရခိုင်ပြည်နယ်လွှတ်တော်၏ ၅၈.၈၂% ကိုယ်စားပြုမှု ပယ်ဖျက်ခံခဲ့ရခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၂၀၁/၂၀၂၀ ဖြင့် ကြေငြာချက်အမှတ် (၁၉၆/၂၀၂၀) ဖြင့် ရွေးကောက်ပွဲ ကျင်းပခြင်းမပြုကြောင်း ကြေငြာထားသည့် နေရာများအနက် မြို့နယ် ၂ ခုမှ ကျေးရွာအုပ်စု ၇ စု ကျေးရွာ ၇၄ ရွာအား ရွေးကောက်ပွဲ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။ ကြေငြာချက်အမှတ် ၂၀၁ /၂၀၂၀ ထုတ်ပြန်ပြီးချိန်တွင် ရွေးကောက်ပွဲ မကျင်းပနိုင်သည့် ရာခိုင်နှုန်းမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၇၄.၇၇ % သို့ ပြောင်းလဲသွားခဲ့သဖြင့် ၁.၈၄% ပိုမိုလာခဲ့သည်။

သို့ရာတွင် ရွေးကောက်ပွဲကျင်းပမည့် နယ်မြေပိုမိုလာခြင်းသာဖြစ်ပြီး ယခင်ကြေငြာချက်အရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များမှာမူ ပြောင်းလဲခြင်း မရှိပါ။

## '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''


## ရှမ်းပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ




ရှမ်းပြည်နယ်တွင် မြို့နယ် ၅၅ မြို့နယ်၊ ရပ်ကွက် ၅၁၈ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၁၈၁၈ အုပ်စုနှင့် ကျေးရွာပေါင်း ၁၆၈၀၂ ရွာရှိသည့်အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၁၉၇/၂၀၂၀ အရ ရှမ်းပြည်နယ်၌ မြို့နယ် ၂၃ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက် ကျေးရွာအုပ်စု ၃၅၂ စုနှင့် ကျေးရွာပေါင်း ၂၄၅၃ ရွာတွင် ရွေးကောက်ပွဲမကျင်းပနိုင်သည်ကိုတွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာ အုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၁၄.၇၇ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းဖြစ်သည်။ မြို့နယ် ၆ မြို့ နယ်မှာ မြို့နယ်တခုလုံး၌ ရွေးကောက်ပွဲ မကျင်းပခြင်း ဖြစ်ပါသည်။

ရှမ်းပြည်နယ်၌ ပြည်သူ့လွှတ်တော် ၆ နေရာ ၊ ပြည်နယ်လွှတ်တော် ၁၂ နေရာတို့တွင် ရွေးကောက်ပွဲ လုံးဝ ကျင်းပနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော် ရှမ်းပြည်နယ်မဲဆန္ဒနယ်၏ ၁၀.၉၁%၊ ပြည်သူ့လွှတ် တော်တခုလုံး၏ ၁.၈၂% ရှမ်းပြည်နယ်လွှတ်တော်၏ ၁၀.၉၁% ကိုယ်စားပြုမှု ပယ်ဖျက်ခံခဲ့ရခြင်း ဖြစ် သည်။

## ရှမ်းပြည်နယ်တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မကျင်းပခဲ့သည့် ဒေသများ





## ရှမ်းပြည်နယ်၌ ပြည်သူ့လွှတ်တော် ၅ နေရာ ၊ ပြည်နယ် လွှတ်တော် ၁၀ နေရာတွင် ရွေးကောက်ပွဲလုံးဝ ကျင်းပနိုင်ခြင်းမရှိပါ။

ရှမ်းပြည်နယ်တွင် မြို့နယ် ၅၅ မြို့နယ်၊ ရပ်ကွက် ၅၁၈ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၁၈၁၈ အုပ်စုနှင့် ကျေးရွာပေါင်း ၁၆၈၀၂ ရွာရှိသည့်အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်အမှတ် ၆၅ /၂၀၁၅ အရ ရှမ်းပြည်နယ်၌ မြို့နယ် ၁၃ မြို့နယ် အတွင်းရှိ ရပ်ကွက် ၁၀ ရပ်ကွက် ကျေးရွာအုပ်စု ၂၄၁ စုနှင့် ကျေးရွာပေါင်း ၁၆၈၈ ရွာတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်း အားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၁၀.၁၃ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ မြို့နယ် ၅ မြို့ နယ်မှာ မြို့နယ်တခုလုံး၌ ရွေးကောက်ပွဲ မကျင်းပခြင်း ဖြစ်ပါသည်။

'' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## ချင်းပြည်နယ်တွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မကျင်းပမည့် ဒေသများ




ချင်းပြည်နယ်တွင် မြို့နယ် ၉ မြို့နယ်၊ ရပ်ကွက် ၇၂ ရပ်ကွက် ၊ ကျေးရွာအုပ်စု ပေါင်း ၄၇၁ အုပ်စု နှင့် ကျေးရွာပေါင်း ၁၅၀၄ ရွာ ရှိသည့် အနက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေငြာ ချက်အမှတ် ၂၀၂ /၂၀၂၀ အရ ချင်းပြည်နယ် မြို့နယ် ၁ မြို့နယ်အတွင်းရှိ ကျေးရွာအုပ် စု ၉၄ စုနှင့် ကျေးရွာပေါင်း ၃၄၉ ရွာ တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ရာခိုင်နှုန်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာ စုစုပေါင်း၏ ၂၈.၁၁ % တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

ချင်းပြည်နယ်တွင်အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော် နေရာများအတွက် ရွေးကောက်ပွဲလုံးဝကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်မြေဟူ၍ မတွေ့ရှိရပါ။

- **၂၀၁၅အထွေထွေရွေးကောက်ပွဲ၌ချင်းပြည်နယ်ရှိမဲဆန္ဒနယ်အားလုံးတွင် ရွေးကောက် ပွဲကျင်းပခဲ့ပါသည်။**

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကျင်းပမည်မဟုတ်သည့် ဒေသများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာချက် ၅ စောင် ၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ ထုတ်ပြန်ကြေညာချက် ၁ စောင် စုစုပေါင်း ၆ စောင်ထုတ်ပြန်ခဲ့ပါသည်။ ယင်းထုတ်ပြန် ကြေညာချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေ ပုဒ်မ ၁၀ (စ) အား ကျင့်သုံး၍ ထုတ်ပြန်ခဲ့သည်ဟု ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ကြေငြာချက်များ၌ ရွေးကောက်ပွဲနှင့်ပါတ်သက်၍ "ရွှေ့ဆိုင်းမည်"၊"ပယ်ဖျက်မည်"ဟူသော စကားလုံးများ သုံးနှုန်းဖော်ပြထားခြင်းမရှိဘဲ "ရွေးကောက်ပွဲကျင်းပမည်မဟုတ်" ဟုသာသုံးနှုန်းထားသည် ကိုတွေ့ရသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ (စ)**

***"သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့်မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း"***



**"ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဝန်ကြီးဌာနပါတယ်။ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပါတယ်။ နောက်ပြီးတော့ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွေရဲ့ မြေပြင်အခြေအနေမှာ သဘောထားတွေယူတယ် ''။**

**ဦးမြင့်နိုင်**
**(ပြောခွင့်ရပုဂ္ဂိုလ်)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။**



**"ကျနော်တို့လည်း လုံခြုံရေးနဲ့ပတ်သက်ပြီး သဘောထားမှတ်ချက်ပေးရတာ ရှိပါတယ် ၊သုံးသပ်တဲ့အခါမှာ ဘာကိုသုံးသပ်လည်းဆိုတော့ ကျနော်တို့က လုံခြုံရေးအရ ဆောင်ရွက်နိုင်မှု၊ ပြည်သူလူထုအနေနဲ့မဲပေးတဲ့အခါမှာ အန္တရာယ်ဖြစ်/မဖြစ်ပေါ်မှာ မူတည်ပြီးတော့ ကျနော်တို့က ပေးလိုက်တာဖြစ်တယ်၊ ဆုံးဖြတ်တာကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ဆုံးဖြတ်ချက်အတိုင်းပဲ ဖြစ်ပါတယ်၊ ကျနော်ပြောလိုတာကတော့ ကျတော်တို့ဟာနဲ့ ကွဲလွဲချက်တော့ ရှိပါတယ်၊ အဲဒီကွဲလွဲချက်တွေကတော့ ကျနော်တို့ထုတ်မပြောနိုင်ပါဘူး၊ ကျတော်တို့ပေးလိုက်တာနဲ့တော့ မတူပါဘူး၊ ဒါနဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ ပြောမပြနိုင်ပါဘူး၊ မပြောနိုင်ပါဘူးဆိုတာ ကျနော်တို့မှာစောင့်စည်းရမယ့်စည်းမျဉ်းတွေရှိပါတယ်။ဒါကြောင့်မပြောခြင်း ဖြစ်ပါတယ်"။**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**
**ဥက္ကဋ္ဌ**
**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့။**





**"ချင်းပြည်နယ်မှာဆိုရင် ဒီလိုမျိုး ဖြစ်လာနိုင်ခြေအလားအလာ ၈ ရာခိုင်နှုန်းလို့ ချင်းပြည်နယ်လူထုက ဖော်ပြပါတယ်။ ကချင်ပြည်နယ်မှာဆိုရင် ၁၄ ရာခိုင်နှုန်း၊ ကယားပြည်နယ်မှာဆိုရင် ၈ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်မှာ ၁၄ ရာခိုင်နှုန်း၊ နောက် ရခိုင်ပြည်နယ်မှာတော့ ၁၃ ရာခိုင်နှုန်း၊ ရှမ်းမြောက်မှာ ၂၀ ရာခိုင်နှုန်း၊ ရှမ်းအရှေ့ ၂၄ ရာခိုင်နှုန်း၊ ရှမ်းတောင် ၂၆ ရာခိုင်နှုန်း၊ ပဲခူးအရှေ့က ၁၃ ရာခိုင်နှုန်းစသဖြင့်ပေါ့။ ဒါက လူထုရဲ့ရွေးကောက်ပွဲနဲ့ပတ်သက်လို့ လက်နက်ကိုင်အဖွဲ့အစည်းတွေက နေပြီးတော့ ဆက်စပ်တဲ့ အကြမ်းဖက်မှုတွေ ဘယ်လောက်ထိ ဖြစ်လာနိုင်လဲဆိုတဲ့ ရာခိုင်နှုန်းဖြစ်ပါတယ် "။**

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံတော်သမ္မတရုံး။**

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

| ၂၀၁၀ | အမျိုးသားလွှတ်တော် | ၂၀၁၅ | ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၁၂ နေရာ | ၂၀၁၀ | အမျိုးသားလွှတ်တော် | ၂၀၁၅ |
|---|---|---|---|---|---|---|
| ၉ | မဲဆန္ဒနယ်၁၂ခုတွင်ယှဉ်ပြိုင်ခဲ့သည့် ပါတီအရေအတွက် | ၁၂ | ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေး ပါတီသည် ၈ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၇ နေရာ (**၈၇.၅၀%**) အနိုင်ရရှိခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၁၂ နေရာ ယှဉ်ပြိုင်ခဲ့ပြီး ၅ နေရာ (၄၁.၆၇%) အနိုင်ရခဲ့သည်။ | ၈ | ရွေးကောက်ပွဲကျင်းပမည့်မဲဆန္ဒနယ်များ တွင် ယှဉ်ပြိုင်ခဲ့သည့်ပါတီ အရေအတွက် | ၉ |
| ၆ | ရွေးကောက်ပွဲကျင်းပခြင်းမရှိသည့် ဒေသများတွင် ယှဉ်ပြိုင်ခဲ့သည့် ပါတီအရေအတွက် | ၁၁ | ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ရခိုင်အမျိုးသားပါတီသည် ၁၂ နေရာ ယှဉ်ပြိုင်ခဲ့ပြီး ၁၀ နေရာ ( ၈၃.၃၃%) အနိုင်ရရှိခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၁၂ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁ နေရာ (၈.၃၃%) အနိုင်ရခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၁၁ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁ နေရာ (၉.၀၉%) အနိုင်ရခဲ့သည်။ | ၂ | ရခိုင်ပြည်နယ် တခုလုံးတွင် အနိုင်ရရှိသည့် ပါတီ အရေအတွက် | ၃ |


**ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည်ပထမအကြိမ်လွှတ်တော်သက်တမ်းတွင်အမျိုးသားလွှတ်တော်ရခိုင်ပြည်နယ်မဲဆန္ဒနယ်၏ ၅၈.၃၃ % (အမျိုးသားလွှတ်တော်ရွေးကောက်ခံကိုယ်စားလှယ် စုစုပေါင်း၏ ၄.၁၇% ) အနိုင်ရရှိခဲ့သည်။**

***ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် ၂၀၁၄ ဇန်နဝါရီလ ၁၃ရက်တွင်ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့်ပူးပေါင်းကာ ရခိုင်အမျိုးသားပါတီဟု အမည်ပြောင်းလဲခဲ့သည်။***

**ရခိုင်အမျိုးသားပါတီသည်ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် အမျိုးသားလွှတ်တော်ရခိုင်ပြည်နယ်မဲဆန္ဒနယ်၏၈၃.၃၃%(အမျိုးသား လွှတ်တော်ရွေးကောက်ခံကိုယ်စားလှယ် စုစုပေါင်း၏ ၅.၉၅% အနိုင်ရရှိခဲ့သည်။**

| ပါတီ | ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ မကျင်းပသည့် မဲဆန္ဒနယ်များ | | | ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် မဲဆန္ဒနယ်များ | | | ရခိုင်ပြည်နယ်တခုလုံးတွင် အနိုင်ရရှိသည့် ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|
| **၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ** | ကိုယ်စားလှယ်လောင်း အရေအတွက် | အနိုင်ရရှိသည့်ကိုယ်စားလှယ် အရေအတွက် | ရာခိုင်နှုန်း | ကိုယ်စားလှယ်လောင်း အရေအတွက် | အနိုင်ရရှိသည့်ကိုယ်စားလှယ် အရေအတွက် | ရာခိုင်နှုန်း | ပြည်နယ်တခုလုံးတွင် အနိုင်ရရှိသည့်ရာခိုင်နှုန်း | ပါတီအလိုက်အနိုင်ရရှိသည့် ရာခိုင်နှုန်း |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) | ၇ | ၃ | ၄၂.၈၆ % | ၅ | ၂ | ၄၀.၀၀% | ၄၁.၆၇ % | ၄၁.၆၇ % |
| ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) | ၄ | ၄ | ၁၀၀ % | ၄ | ၃ | ၇၅.၀၀% | ၅၈.၃၃ % | ၈၇.၅၀% |
| **၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ** | | | | | | | | |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) | ၇ | ၁ | ၁၄.၂၉% | ၅ | ၀ | ၀.၀၀% | ၈.၃၃% | ၈.၃၃% |
| ရခိုင်အမျိုးသားပါတီ (ANP) | ၇ | ၆ | ၈၅.၇၁% | ၅ | ၄ | ၈၀.၀၀% | ၈၃.၃၃% | ၈၃.၃၃% |
| အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) | ၆ | ၀ | ၀.၀၀% | ၅ | ၁ | ၂၀.၀၀% | ၈.၃၃% | ၉.၀၉% |

'' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ ''



# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''


| ၂၀၁၀ | ပြည်သူ့လွှတ်တော် | ၂၀၁၅ | ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၁၇ နေရာ | ၂၀၁၀ | ပြည်သူ့လွှတ်တော် | ၂၀၁၅ |
|---|---|---|---|---|---|---|
| ၇ | မဲဆန္ဒနယ် ၁၇ နေရာတွင်ယှဉ်ပြိုင်ခဲ့သည့် ပါတီအရေအတွက် | ၁၁ | ၂၀၁၀အထွေထွေရွေးကောက်ပွဲတွင်ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် ၁၂ နေရာယှဉ်ပြိုင်ခဲ့ပြီး ၉ နေရာ(**၇၅.၀၀%**) အနိုင်ရရှိခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည်၁၇နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၈နေရာ(၄၇.၀၆%)အနိုင်ရခဲ့သည်။ | ၈ | ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များတွင် ယှဉ်ပြိုင်ခဲ့သည့်ပါတီ အရေအတွက် | ၇ |
| ၅ | ရွေးကောက်ပွဲကျင်းပခြင်းမရှိသည့် ဒေသများတွင်ယှဉ်ပြိုင်ခဲ့သည့်ပါတီ အရေအတွက် | ၁၀ | ၂၀၁၅အထွေထွေရွေးကောက်ပွဲရခိုင်အမျိုးသားပါတီသည်၁၇နေရာယှဉ်ပြိုင်ခဲ့ပြီး ၁၂နေရာ(၈၃.၃၃%)အနိုင်ရရှိခဲ့သည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည်၁၇နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၄နေရာ(၂၃.၅၃%)အနိုင်ရခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၁၇နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁ နေရာ (၅.၈၈%) အနိုင်ရခဲ့သည်။ | ၃ | ရခိုင်ပြည်နယ် တခုလုံးတွင် အနိုင်ရရှိသည့် ပါတီ အရေအတွက် | ၂ |

**ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် ပထမအကြိမ်လွှတ်တော်သက်တမ်းတွင်ပြည်သူ့လွှတ်တော် ရခိုင်ပြည်နယ်မဲဆန္ဒနယ်၏ ၅၂.၉၄% ပြည်သူ့လွှတ်တော်ရွေးကောက်ခံကိုယ်စားလှယ်စုစုပေါင်း၏ ၂.၇၃% အနိုင်ရရှိခဲ့သည်။**

**ရခိုင်အမျိုးသားပါတီသည်ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ရခိုင်ပြည်နယ်ပြည်သူ့လွှတ်တော်၏၇၀.၅၉%(ပြည်သူ့လွှတ်တော် ရွေးကောက်ခံကိုယ်စားလှယ်စုစုပေါင်း၏ ၃.၆၄%) အနိုင်ရရှိခဲ့သည်။**

| ပါတီ | ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ မကျင်းပသည့် မဲဆန္ဒနယ်များ | | | ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် မဲဆန္ဒနယ်များ | | | ရခိုင်ပြည်နယ်တခုလုံးတွင် အနိုင်ရရှိသည့် ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|
| ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ | ကိုယ်စားလှယ်လောင်း အရေအတွက် | အနိုင်ရရှိသည်ကိုယ်စားလှယ် အရေအတွက် | ရာခိုင်နှုန်း | ကိုယ်စားလှယ်လောင်း အရေအတွက် | အနိုင်ရရှိသည့်ကိုယ်စားလှယ် အရေအတွက် | ရာခိုင်နှုန်း | ပြည်နယ်တခုလုံးတွင် အနိုင်ရရှိသည့်ရာခိုင်နှုန်း | ပါတီအလိုက်အနိုင်ရရှိသည့် ရာခိုင်နှုန်း |
| USDP | ၉ | ၂ | ၂၂.၂၂ % | ၈ | ၆ | ၇၅.၀၀% | ၄၇.၀၆ % | ၄၇.၀၆ % |
| RNDP | ၈ | ၇ | ၈၇.၅၀% | ၄ | ၂ | ၅၀.၀၀% | ၅၂.၉၄ % | ၇၅.၀၀% |
| ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ | | | | | | | | |
| USDP | ၉ | ၀ | ၀.၀၀% | ၈ | ၁ | ၁၂.၅၀% | ၅.၈၈% | ၅.၈၈ % |
| ANP | ၉ | ၉ | ၁၀၀.၀၀% | ၈ | ၃ | ၃၇.၅၀% | ၇၀.၅၉% | ၈၃.၃၃% |
| NLD | ၉ | ၀ | ၀.၀၀% | ၈ | ၄ | ၅၀.၀၀% | ၂၃.၅၃% | ၂၃.၅၃% |

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''



# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

**၂၀၁၀** | **ပြည်နယ်လွှတ်တော်** | **၂၀၁၅**

**မဲဆန္ဒနယ် ၃၄ခုတွင် ယှဉ်ပြိုင်ခဲ့သည့် ပါတီအရေအတွက်**

**၈** | **၁၈**

**ရွေးကောက်ပွဲကျင်းပခြင်းမရှိသည့် မဲဆန္ဒနယ်များတွင် ယှဉ်ပြိုင်ခဲ့သည့်ပါတီ**

**၇** | **၁၅**

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည်ပထမအကြိမ်လွှတ်တော်သက်တမ်းတွင်ရခိုင်ပြည်နယ်လွှတ်တော်ရွေးကောက်ခံ ကိုယ်စားလှယ်စုစုပေါင်း၏ ၆၄.၇၁% အနိုင်ရရှိခဲ့သည်။

## ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၃၄ နေရာ

၂၀၁၀အထွေထွေရွေးကောက်ပွဲတွင်ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည်၂၃ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၈ နေရာ(၇၈.၂၆%)အနိုင်ရရှိခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည်၃၄နေရာယှဉ်ပြိုင်ခဲ့ပြီး၁၃နေရာ(၃၈.၂၄%အနိုင်ရခဲ့သည်။အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီသည် ၈နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၂နေရာ(၂၅.၀၀%)အနိုင်ရရှိခဲ့သည်။တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည်၃၀နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၁နေရာ(၃.၃၃%) အနိုင်ရရှိခဲ့သည်။

၂၀၁၅အထွေထွေရွေးကောက်ပွဲတွင် ရခိုင်အမျိုးသားပါတီသည် ၃၃ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၂နေရာ(၆၆.၆၇%)အနိုင်ရရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၃၁ နေရာဝင်ရောက်ယှဉ်ပြိုင်ပြီး ၈ နေရာ(၂၃.၅၃ %) အနိုင်ရရှိခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၃၄ နေရာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ၃ နေရာ ( ၈.၈၂ % ) အနိုင်ရရှိခဲ့သည်။ တသီးပုဂ္ဂလ ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၁ နေရာအနိုင်ရရှိခဲ့သည်။

**၂၀၁၀** | **ပြည်နယ်လွှတ်တော်** | **၂၀၁၅**

**ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်များတွင် ယှဉ်ပြိုင်ခဲ့သည့် ပါတီ**

**၆** | **၁၀**


**ရခိုင်ပြည်နယ် တခုလုံးတွင် အနိုင်ရရှိသည့်ပါတီ**

**၄** | **၃**

ရခိုင်အမျိုးသားပါတီသည်ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ရခိုင်ပြည်နယ်လွှတ်တော်ရွေးကောက်ခံ ကိုယ်စားလှယ်စုစုပေါင်း၏ ၆၆.၆၇% အနိုင်ရရှိခဲ့သည်။

| ပါတီ | ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ မကျင်းပသည့် မဲဆန္ဒနယ်များ | | | ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် မဲဆန္ဒနယ်များ | | | ရခိုင်ပြည်နယ်တခုလုံးတွင် အနိုင်ရရှိသည့် ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|
| ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ | ကိုယ်စားလှယ်လောင်း အရေအတွက် | အနိုင်ရရှိသည်ကိုယ်စားလှယ် အရေအတွက် | ရာခိုင်နှုန်း | ကိုယ်စားလှယ်လောင်း အရေအတွက် | အနိုင်ရရှိသည့်ကိုယ်စားလှယ် အရေအတွက် | ရာခိုင်နှုန်း | ပြည်နယ်တခုလုံးတွင် အနိုင်ရရှိသည့်ရာခိုင်နှုန်း | ပါတီအလိုက်အနိုင်ရရှိသည့် ရာခိုင်နှုန်း |
| တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) | ၁၈ | ၀ | ၀.၀၀% | ၁၂ | ၁ | ၈.၃၃% | ၂.၉၄% | ၃.၃၃% |
| USDP | ၂၀ | ၄ | ၂၀.၀၀ % | ၁၄ | ၉ | ၆၄.၂၉% | ၃၈.၂၄ % | ၃၈.၂၄ % |
| RNDP | ၁၅ | ၁၄ | ၉၃.၃၃% | ၈ | ၄ | ၅၀.၀၀% | ၅၂.၉၄ % | ၇၈.၂၆% |
| အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (NDPD) | ၇ | ၂ | ၂၈.၅၇% | ၁ | ၀ | ၀.၀၀% | ၅.၈၈% | ၂၅.၀၀% |
| ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ | | | | | | | | |
| USDP | ၂၀ | ၂ | ၁၀.၀၀% | ၁၄ | ၁ | ၇.၁၄% | ၂.၉၄% | ၃.၁၃ % |
| တစ်သီးပုဂ္ဂလ | ၁၉ | ၀ | ၀.၀၀% | ၁၃ | ၁ | ၇.၆၉% | ၈.၈၂% | ၈.၈၂% |
| ANP | ၂၀ | ၁၇ | ၈၅.၀၀% | ၁၃ | ၅ | ၃၈.၄၆% | ၆၄.၇၁% | ၆၆.၆၇% |
| NLD | ၁၇ | ၁ | ၅.၈၈% | ၁၄ | ၇ | ၅၀.၀၀% | ၂၃.၅၃% | ၂၅.၈၁% |

'' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''



# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## ရခိုင်ပြည်နယ် တွင် ရွေးကောက်ပွဲကျင်းပမည့် ရာခိုင်နှုန်း

**၄၂.၈၆%**

ရခိုင်ပြည်နယ်တွင် အမျိုးသားလွှတ်တော် ၁၂ နေရာ၊ ပြည်သူ့လွှတ်တော် ၁၇ နေရာ၊ ပြည်နယ်လွှတ်တော် ၃၄ နေရာရှိသဖြင့် စုစုပေါင်း ၆၃ နေရာရွေးကောက်ခံပိုင်ခွင့်ရှိပါသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော် ၇ နေရာ၊ ပြည်သူ့လွှတ်တော် ၉ နေရာ၊ ပြည်နယ်လွှတ်တော် ၂၀ နေရာ တို့တွင်ရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်သဖြင့် ၃၆ နေရာရွေးကောက်ခံပိုင်ခွင့်ဆုံးရှုံးခဲ့ရပါသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်များတွင် အနိုင်ရရှိခဲ့သည့် ပါတီစုစုပေါင်း ၆ပါတီသာရှိ၍ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ/ရခိုင်အမျိုးသားပါတီမှာ နေရာအများစုတွင် အနိုင်ရရှိထားပါသည်။

**၆**

## ၂၀၁၀ အထွေထွေရွေးကောက်ပွဲ

**၉၇.၇၃%**

ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီသည်လွှတ်တော်အရပ်ရပ်၌စုစုပေါင်းကိုယ်စားလှယ်လောင်း ၄၄ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၄၃ နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီသည် လွှတ်တော်အရပ်ရပ်၌စုစုပေါင်းကိုယ်စားလှယ်လောင်း ၂၀ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၁၇ နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

**၇၇.၂၇%**

**၅.၇၁%**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် လွှတ်တော်အရပ်ရပ် ၌ စုစု ပေါင်း ကိုယ်စားလှယ်လောင်း ၁၁၀၄ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၆၃ နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် လွှတ်တော်အရပ်ရပ် ၌ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၉၉၃ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၅၅ နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

**၅.၅၄%**

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲ

**၈၀.၅၂%**

ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီသည်လွှတ်တော်အရပ်ရပ်၌စုစုပေါင်းကိုယ်စားလှယ်လောင်း ၄၄ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၄၃ နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီသည် လွှတ်တော်အရပ်ရပ်၌စုစုပေါင်းကိုယ်စားလှယ်လောင်း ၂၀ ဦးပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၁၇နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

**၅.၈၁%**


ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် လွှတ်တော်အရပ်ရပ် ၌ စုစု ပေါင်း ကိုယ်စားလှယ်လောင်း ၁၁၀၄ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၆၃ နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

**၅.၆၂%**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် လွှတ်တော်အရပ်ရပ် ၌ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၉၉၃ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၅နေရာ ယှဉ်ပြိုင်ခဲ့ပါသည်။

**၅.၃၄%**

## ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်တွင် ယှဉ်ပြိုင်ခဲ့သည့် ပါတီတစ်ခုချင်းမှကိုယ်စားလှယ်လောင်းစုစုပေါင်း ရာခိုင်နှုန်းများ




**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ၊ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ မြို့တိုင်းရင်းသားပါတီ တို့၏ ကိုယ်စားလှယ်လောင်းအားလုံးသည် ရခိုင်ပြည်နယ် မဲဆန္ဒနယ်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။**

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## ၂၀၂၀ အထွေထွေရွေးကောက်ပွဲ

**၉၂.၅၄%** ရခိုင်အမျိုးသားပါတီသည် လွှတ်တော်အရပ်ရပ်၌စုစုပေါင်း ကိုယ်စားလှယ်လောင်း ၆၇ ဦး ပါဝင်မည် ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ၆၂ နေရာ ယှဉ်ပြိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၂၀ ရွေးကောက်ပွဲတွင် လွှတ်တော်အရပ်ရပ်၌ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၁၁၂၈ဦး ပါဝင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ၆၄ နေရာယှဉ်ပြိုင် မည်ဖြစ်ပါသည်။ **၅.၆၇%**

**၅.၆၀%** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၂၀ ရွေးကောက်ပွဲတွင် လွှတ်တော်အရပ်ရပ် ၌ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၁၁၄၃ ဦး ပါဝင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာ ၆၄ ယှဉ်ပြိုင်ခဲ့ပါသည်။

*တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပါ။*


*အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပါ။*

ပါတီကြီးများအဖို့ ရခိုင်ပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်များလျော့ ကျသွားမှုမှာ ရာခိုင်နှုန်းအားဖြင့်ထိခိုက်မှုနည်းပါသော်လည်း ရခိုင်မဲဆန္ဒနယ်များအားအခြေပြုရပ်တည်သည့်နိုင်ငံရေးပါတီများအတွက်မူ ထိခိုက်မှုပမာဏကြီးမားလှပါသည်။ ထိုဒေသများ၌ ရခိုင်ပြည်နယ်အခြေစိုက်ပါတီများ၏ အနိုင်ရရှိမှု ရာခိုင်နှုန်းမှာမြင့်မားလှသည်ကိုလဲတွေ့ရှိရသည်။

**(၁)လက်ရှိကောက်ပွဲကျင်းပခြင်းမပြုလုပ်နိုင်သည့်နေရာများနှင့်ပတ်သက်၍မည်သို့ဆက်လက်ဆောင် ရွက်သွား မည် ကို တရားဝင်ကြေငြာချက်အဖြစ် ထုတ်ပြန်ပေးရန်လိုအပ်သည်။**

**(၂)ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လက်ရှိရွေးကောက်ပွဲများလုံးဝကျင်းပခြင်းမရှိသည့်ရခိုင်ပြည် နယ်၊ ရှမ်းပြည်နယ်တို့ရှိ မဲဆန္ဒနယ်မြေများတွင် ကြားဖြတ် ရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်ဘဲ အစိုးရအသစ်ဖွဲ့စည်းရန် လုပ်ငန်းစဉ်များ မလုပ်ဆောင်မီ ရွေးကောက်ပွဲများ ကျင်းပပေးသင့်သည်။**

**(၃) အနာဂါတ်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ) အား ကျင့်သုံးသည့် အမိန့် ကြော်ငြာစာများထုတ်ပြန်ရန်ရှိလာပါက "ပယ်ဖျက်" သို့မဟုတ် "ရွှေ့ဆိုင်း" ဟူသည့် စကားရပ်အား ရှင်းလင်းစွာထည့်သွင်းသုံးစွဲရန်လိုအပ်ပါသည်။**




| | | | | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 2020 | 100. | 100. | 0.00 | 0.00 | 5.54 | 0.00 | 4.55 | 0.00 | 5.71 | 0.00 | 0.00 | 87.5 | 0.00 | 0.00 | 0.00 | 0.00 | 0.00 | 97.7 | 100. | 0.00 | 0.00 | 0.00 | 0.00 | 77.2 | 100. | 0.00 |
| 2015 | 100. | 100. | 23.0 | 10.9 | 5.81 | 100. | 0.00 | 33.3 | 5.62 | 0.00 | 0.61 | 0.00 | 100. | 100. | 100. | 0.00 | 0.00 | 0.00 | 100. | 100. | 80.5 | 5.00 | 5.34 | 0.00 | 0.00 | 25.0 |
| 2010 | 40.0 | 100. | 0.00 | 0.00 | 0.00 | 100. | 0.00 | 33.3 | 5.67 | 0.32 | 0.00 | 0.00 | 100. | 60.0 | 75.0 | 100. | 100. | 0.00 | 100. | 0.00 | 92.5 | 0.00 | 5.60 | 0.00 | 0.00 | 0.00 |

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီများမှ တနိုင်ငံလုံးယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်စုစုပေါင်း ပေါ်အခြေခံ၍ ရခိုင်ပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ ပုံတွင် ဖော်ပြထားသည့် ရာခိုင်နှုန်း နှိုင်းယှဉ်ချက်များအရ ပါတီများ၏ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အပေါ် အလေးထားမှု ကွာခြားချက်ကို သိရှိနိုင်ပါသည်။

# '' ရွေးကောက်ပွဲနှင့် ရခိုင်တို့မြေ''

## အတိုကောက်စကားလုံးများ

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ( National Unity Party ) - NUP
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ( Democracy and Human Rights Party ) - DHRP
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ( Union Solidarity and Development Party )- USDP
- မြိုအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ( Mro National Development Party) - MNDP
- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီ (Rakhine Nationalities Development Party )- RNDP
- ရခိုင်အမျိုးသားပါတီ (Rakhine National Party) - RNP
- အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Development Democratic Party) - NDDP
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( National League for Democracy) - NLD

## ကိုးကားချက်များ

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထုတ်ပြန်ချက်များ**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အထွေထွေရွေးကောက်ပွဲရလဒ်များ**
- **သက်ဆိုင်ရာပါတီများ၏ Facebook စာမျက်နှာများ**
- **နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်များ**
- **Myanmar PCode Datasets – Myanmar Information Management Unit ( MIMU )**
- **7 day News Journal ၏ Facebook စာမျက်နှာ**
- **Radio Free Asia ၏ Facebook စာမျက်နှာ**
- **Demicratic Voice of Burmese ၏ Facebook စာမျက်နှာ**
- **"၂၀၂၀ အထွေထွေရွေးကောက်ပွဲ ပါတီကိုယ်စားလောင်းဆိုင်ရာ အချက်အလက်များ" - Tagaung Institute of Political Studies - တကောင်းနိုင်ငံရေး လေ့လာမှုအဖွဲ့**